# 多言語版　町税のしおり

**（ဘာသာစကားအစုံ မြို့အခွန်လမ်းညွှန်စာအုပ်）**

（ビルマ語（မြန်မာဘာသာ））

斜里町役場では、道路・公園をつくったり、ごみの処理、消防や救急活動などみなさんの生活を支えるため、色々な仕事をしています。これらの仕事をするには、みなさんが払う「町税」が必要です。
この「町税のしおり」は、斜里町に住んでいる外国人のみなさんが「町税」について知り、正しく払うことができるようにわかりやすくまとめたものです。

ရှားရိမြို့နယ်ရုံးတွင် လမ်းများ၊ ပန်းခြံများတည်ဆောက်ခြင်း၊ အမှိုက်သိမ်းလုပ်ငန်းများ၊ မီးသတ်နှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများစသည်ဖြင့် ပြည်သူလူထု၏နေ့စဉ်ဘဝကို အထောက်အကူပြုစေရန်အတွက် အလုပ်အမျိုးမျိုးကို ဆောင်ရွက်လျက်ရှိပါသည်။ထိုအလုပ်များကို ဆောင်ရွက်ရန်အတွက် ပြည်သူများမှပေးဆောင်သော "မြို့အခွန်" လိုအပ်ပါသည်။ ဤ "မြို့အခွန်လမ်းညွှန်စာအုပ်" သည် ရှားရိမြို့နယ်တွင် နေထိုင်သော နိုင်ငံခြားသားများ မြို့အခွန်အကြောင်းကို နားလည်နိုင်ပြီး မှန်ကန်စွာပေးဆောင်နိုင်ရန်အတွက် ရှင်းလင်းစွာ ဖော်ပြထားသော လမ်းညွှန်စာအုပ်ဖြစ်ပါသည်။

## ■　目次　（မာတိကာ）


1　町税について
（မြို့အခွန်အကြောင်း）・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・1

2　町民税・道民税
（မြို့နယ်အခွန်နှင့်တိုင်းဒေသကြီးအခွန်）・・・・・・・・・・・・・・・・・・・・・・・・・・・・2

3　国民健康保険料
（အမျိုးသားကျန်းမာရေးအာမခံကြေး）・・・・・・・・・・・・・・・・・・・・・・・・・・・・・6

4　軽自動車税
（အပေါ့ယာဉ်အခွန်）・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・8

5　固定資産税
（အတည်တကျပိုင်ဆိုင်မှုအခွန်）・・・・・・・・・・・・・・・・・・・・・・・・・・・・・・・１１

6　税金は納期限までに払うことが決まりです
（အခွန်ကိုသတ်မှတ်ချိန်အတွင်းပေးဆောင်ရန်）・・・・・・・・・・・・・・・・・・・・・・・・・・１１

7　町税の証明書について
（မြို့အခွန်အတည်ပြုလက်မှတ်အကြောင်း）・・・・・・・・・・・・・・・・・・・・・・・・・・・１４

8　町税カレンダー
（မြို့အခွန်ပြက္ခဒိန်）・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・・１６

9　税についての問い合わせ先
（အခွန်နှင့်ပတ်သက်၍မေးမြန်းရန်နေရာ）・・・・・・・・・・・・・・・・・・・・・・・・・・・・１７

１０　出国するときの税金の支払いについて
(နိုင်ငံခြားသို့ထွက်ခွာချိန်အခွန်ပေးချေမှုအကြောင်း)・・・・・・・・・・・・・・・・・・・・・・・・・１８

# 1 町税について（မြို့အခွန်အကြောင်း）

## ■町税は何に使われているの？

・町税とは、町に払う税金のことです。

・斜里町役場では、道路の整備やごみの処理のための費用などを「税金」としてみなさんから集めています。

・町に集められた「税金」は、わたしたちが安心して暮らせる社会のために使われます。

**■ မြို့အခွန်ကိုဘာအတွက်အသုံးပြုပါသလဲ။**

- မြို့အခွန်ဆိုသည်မှာ မြို့အုပ်ချုပ်ရေးအဖွဲ့ထံသို့ပေးဆောင်ရသောအခွန်ဖြစ်ပါသည်။
- ရှားရိ မြို့အုပ်ချုပ်ရေးရုံးတွင် လမ်းပြုပြင်ခြင်း၊ အမှိုက်နှင့်ဆိုင်သော လုပ်ငန်းများအတွက် လိုအပ်သော အသုံးစရိတ်များကို "အခွန်" အဖြစ် ပြည်သူများထံမှ ကောက်ခံပါသည်။
- မြို့မှ ကောက်ခံရရှိထားသော "အခွန်" များကို ကျွန်ုပ်တို့က စိတ်ချလုံခြုံစွာ နေထိုင်နိုင်သော လူမှုအသိုင်းအဝိုင်းတစ်ခုဖန်တီးရန်အတွက် အသုံးပြုပါသည်။

（安心して道を歩けるね！）

**（လမ်းပေါ်မှာစိတ်ချလက်ချနဲ့လမ်းလျှောက်လို့ရတယ်နော်။）**



（まちがきれい！）

**（မြို့ကသန့်ရှင်းလှပတယ်။）**



（すぐに救急車が来た！安心！！）

**（အရေးပေါ်ယာဉ်ကချက်ချင်းရောက်လာတယ်။ စိတ်ခါရတယ်။）**



## ■　もし税金がなかったらどうなるの？（အခွန်မရှိဘူးဆိုရင် ဘာဖြစ်မလဲ။）

- 道路に穴！危ない！

**（လမ်းမှာအပေါက်ရှိတယ်။ အန္တရာယ်များတယ်။）**



- ごみが回収されない！

**（အမှိုက်လာမသိမ်းဘူး။）**



- おなかが痛い！どうしよう！

**（ဗိုက်နာတယ်။ ဘယ်လိုလုပ်ရမလဲ။）**



# 2 町民税・道民税 （မြို့နယ်ပြည်သူအခွန်နှင့်တိုင်းဒေသ）

## ■ 町民税・道民税とはなんでしょうか。

・町民税・道民税とは、1月1日に住んでいる市町村に払う税金です。
・働いている人など一定以上の収入があるときに払わなければなりません。
・町民税・道民税は、前の年に働いて得た収入にかかります。日本に来た初めの年はかかりません。
・町民税・道民税を払う必要があるか、いくら払うかは前の年の1月1日から12月31日までの収入や控除などの金額で決まります。

■ မြို့သားအခွန်နှင့်တိုင်းသားအခွန်ဆိုတာဘာလဲ

・မြို့သားအခွန်နှင့်တိုင်းသားအခွန်ဆိုသည်မှာ ဇန်နဝါရီလ ၁ ရက်နေ့တွင် နေထိုင်သော မြို့နယ်၊ မြို့ ကျေးရွာစသည်တို့တွင် ပေးဆောင်ရမည့် အခွန်ဖြစ်ပါသည်။
အလုပ်လုပ်နေသူများသည် သတ်မှတ်ထားသောဝင်ငွေအထက်ရှိပါက အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။
မြို့သားအခွန်နှင့်တိုင်းသားအခွန်သည် ယခင်နှစ်အတွင်း အလုပ်လုပ်၍ ရရှိခဲ့သောဝင်ငွေအပေါ်တွင် အခြေခံပါသည်။
ဂျပန်သို့ ပထမဆုံးလာသောနှစ်တွင် အခွန်မပေးဆောင်ရပါ။
မြို့သားအခွန်နှင့်တိုင်းသားအခွန်ကို ပေးဆောင်ရန် လိုအပ်မှုရှိ/မရှိ၊ ဘယ်လောက်ပေးဆောင်ရမည်ဆိုသည်မှာ ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိရှိသော ဝင်ငွေ၊ လျှော့ချငွေ စသည်တို့အပေါ် မူတည်၍ ဆုံးဖြတ်ပါသည်။

今年の町民税・道民税がかかるかどうかチェックしてください！

（ယခုနှစ်အတွက် မြို့သားအခွန်နှင့် တိုင်းသားအခွန် ပေးဆောင်ရမည်လားကို စစ်ဆေးပါ။）

⟶ はい（ဟုတ်ပါတယ်။）

⇢ いいえ（မဟုတ်ပါ။）

今年の1月1日に日本に住んでいた（ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဂျပန်တွင် နေထိုင်ခဲ့သည်။）

前の年に日本で働いていた（ယခင်နှစ်တွင် ဂျပန်တွင် အလုပ်လုပ်ခဲ့သည်။）

前の年の収入が103万円より多かった（ယခင်နှစ်အတွင်း ဝင်ငွေသည်ယန်း ၁၀၃သောင်း အထက်ရှိခဲ့သည်။）

今年の1月1日は斜里町に住んでいた（ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရှားရီ မြို့၌ နေထိုင်ခဲ့သည်။）

町民税・道民税がかかる6月に斜里町から納税通知書が届く（ဇွန်လတွင်ရှားရီမြို့မှ ပေးဆောင်ရမည့် မြို့သားအခွန်နှင့်တိုင်းသားအခွန်အတွက် အခွန်ပေးဆောင်ရန်အသိပေးစာရောက်လာမည်။）

今年は町民税・道民税がかかりません（ယခုနှစ်တွင် မြို့သားအခွန်နှင့် တိုင်းသားအခွန် မပေးဆောင်ရပါ။）

今年の1月1日に住んでいた別の市町村から納税通知書が届く（ယခုနှစ်ဇန်နဝါရီလ၁ရက်နေ့တွင်နေထိုင်ခဲ့သောအခြားမြို့နယ်မှ အခွန်ပေးဆောင်ရန် အသိပေးစာ ရောက်လာမည်။）

## ■　町民税・道民税の申告について

・1月1日に斜里町に住んでいた人は、毎年3月15日までに、前の年の収入を斜里町に申告しなければなりません。

・正しく申告することで、町民税・道民税の税額が安くなることがあります。

・在留資格の更新に必要な課税証明書や納税証明書の発行には、必ず申告が必要です。前の年に収入がなかった人でも必ず申告してください。

＜町民税・道民税の申告が必要ない人＞

・税務署で所得税の「確定申告」をした人

・その年の1月1日に日本に住んでいなかった人

・前の年の1月1日から12月31日まで同じ会社から給料をもらっていた人

・申告が必要かどうかわからないときは、税務課 課税係（17ページ）に相談してください。

**■　မြို့နယ်အခွန်၊ တိုင်းဒေသကြီးအခွန် ကြေညာခြင်းအကြောင်းအရာ**

- ဇန်နဝါရီလ ၁ ရက်နေ့တွင် ရှားရီမြို့နယ်တွင် နေထိုင်ခဲ့သူများသည် နှစ်စဉ် မတ်လ ၁၅ ရက်နေ့မတိုင်မီ ယခင်နှစ်၏ ဝင်ငွေကို ရှားရီမြို့နယ်အုပ်ချုပ်ရေးရုံးသို့ အကြောင်းကြားရပါမည်။
- မှန်ကန်စွာ အကြောင်းကြားခြင်းဖြင့် မြို့နယ်အခွန်၊ တိုင်းဒေသကြီးအခွန်၏ အခွန်ပမာဏကို လျှော့ချနိုင်သောအခွင့်အလမ်းရှိနိုင်ပါသည်။
- နေထိုင်ခွင့်သက်တမ်းတိုးရန်အတွက် လိုအပ်သော အခွန်ပေးချေမှုအတည်ပြုလက်မှတ် သို့မဟုတ် အခွန်ပေးဆောင်မှုအတည်ပြုလက်မှတ် ထုတ်ပေးရန်အတွက် အကြောင်းကြားခြင်းသည် မဖြစ်မနေ လိုအပ်ပါသည်။ ယခင်နှစ်တွင် ဝင်ငွေမရှိသူများသည်လည်း မဖြစ်မနေ ကြေညာရပါမည်။

**＜မြို့နယ်အခွန်၊ တိုင်းဒေသကြီးအခွန် ကြေညာရန် မလိုအပ်သူ＞**

- အခွန်ရုံးတွင် ဝင်ငွေအခွန် "အတည်ပြုကြေညာချက်" ပြုလုပ်ပြီးသူ
- သက်ဆိုင်ရာနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံတွင် နေထိုင်မထားသူ
- ယခင်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကုမ္ပဏီတစ်ခုတည်းမှ လစာရရှိသူ အခွန်ကြေညာရန်
- အခွန်ကြေညာရန် လိုအပ်ခြင်းရှိ/မရှိ မသေချာပါက၊ အခွန်ဦးစီးဌာန၏ အခွန်ကောက်ခံမှုဌာန (စာမျက်နှာ ၁၇) နှင့် တိုင်ပင်ပါ။

## ■　町民税・道民税の払い方

・町民税・道民税の払い方は、２つあります。

①特別徴収・・・会社があなたに払う給料から事前に町民税・道民税を預かって、あなたに代わって町民税・道民税を町に払う方法です。会社から給料をもらっている人は、特別徴収で払うのが決まりです。

②普通徴収・・・斜里町から届く納付書（税金を払う紙）を使って自分で払います。税金を払う方法や場所は次のページを確認してください。

**■　မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ဆောင်နည်းများ**

・မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ဆောင်နည်း နှစ်မျိုးရှိပါသည်။

**①အထူးကောက်ခံမှု**

ကုမ္ပဏီသည် သင်ရရှိသော လစာမှ မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ကို ကြိုတင်ကောက်ခံပြီး၊ သင့်အစားမြို့အုပ်ချုပ်ရေးအဖွဲ့ထံသို့ အခွန်ပေးဆောင်သောနည်းလမ်းဖြစ်သည်။

ကုမ္ပဏီထံမှ လစာရရှိသူများသည် အထူးကောက်ခံနည်းဖြင့် အခွန်ပေးဆောင်ရမည်ဟု သတ်မှတ်ထားသည်။

**②ပုံမှန်ကောက်ခံမှု**

ရှားရီမြို့မှ ပေးပို့လာသော အခွန်ပေးဆောင်ရန်စာရွက် (အခွန်ပေးဆောင်ရာတွင်အသုံးပြုရသော စာရွက်) ကို အသုံးပြုပြီး ကိုယ်တိုင်ပေးဆောင်ရပါမည်။

အခွန်ပေးဆောင်ရန်နည်းလမ်းများနှင့် နေရာများကို နောက်စာမျက်နှာတွင် ကြည့်ရှုပါ။

## 町民税・道民税納税通知書（封筒）

（မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ပေးဆောင်ရန် အသိပေးစာ (စာအိတ်)）




・会社が毎月の給料から町民税・道民税を引いていないときは、町民税・道民税納税通知書が、6月に郵便で届きます。届いたらすぐに中身を見てください。

・納期限（税金を払う期限）までに銀行やコンビニエンスストア、郵便局などで払ってください。


ကုမ္ပဏီက လစဉ်လစာမှ မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ကို မကောက်ခံလျှင်၊ မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ပေးဆောင်ရန် အသိပေးစာသည် ဇွန်လတွင် စာအိတ်ဖြင့် ရောက်ရှိလာမည်ဖြစ်သည်။
စာအိတ်လက်ခံရရှိသောအခါ၊ စာအိတ်အတွင်းပါဝင်သောအကြောင်းအရာကို ချက်ချင်းဖတ်ပါ။
အခွန်ပေးဆောင်ရမည့် နောက်ဆုံးနေ့မတိုင်မီ ဘဏ်၊ ကွန်ဗီနီဆိုင်များ(သို့မဟုတ်) စာတိုက်တွင် အခွန်ပေးဆောင်ပါ။

## 封筒の中に入っている納付書（支払用）

・စာအိတ်အတွင်းပါဝင်သော အခွန်ပေးဆောင်ရန်စာရွက်
(အခွန်ပေးဆောင်ရာတွင် အသုံးပြုပါ။)

第１期
（(အကြိမ် ၁)）

払う期限
（(ပေးဆောင်ရမည့်နောက်ဆုံးနေ့)）




eL-QR
（အီလက်ထရွန်နစ်အခွန်ပေးဆောင်ရန် QRကုဒ်）

払う額
(ပေးဆောင်ရမည့်ငွေပမာဏ)）

・納付書は「第１期」「第２期」「第３期」の３枚入っています。

・「第１期」～「第３期」の納付書は１年分の町民税・道民税を３回に分けて払うためのものです。

・16ページの町税カレンダーを見て、必ず納期限（税金を払う期限）までに払ってください。

・eL-QRやバーコードを読み込むことで、クレジットカード納付や、スマートフォンアプリでの納付ができます。

အခွန်ပေးဆောင်ရန်စာရွက်များတွင် “ပထမအကြိမ်”၊ “ဒုတိယအကြိမ်”၊ “တတိယအကြိမ်” ဟု သတ်မှတ်ထားသော စာရွက်သုံးရွက် ပါဝင်ပါသည်။
“ပထမအကြိမ်” မှ “တတိယအကြိမ်” အထိရှိသော အခွန်ပေးဆောင်ရန်စာရွက်များသည် တစ်နှစ်စာ မြို့သားအခွန်နှင့် ပြည်နယ်သားအခွန်ကို သုံးကြိမ်ခွဲ၍ ပေးဆောင်ရန်အတွက် ဖြစ်ပါသည်။
စာမျက်နှာ ၁၆ တွင် ပါဝင်သော မြို့အခွန်ပြက္ခဒိန်ကို ကြည့်ပြီး၊ အခွန်ပေးဆောင်ရမည့် နောက်ဆုံးနေ့မတိုင်မီ မဖြစ်မနေ ပေးဆောင်ပါ။
eL-QR သို့မဟုတ် ဘားကုဒ်ကို ဖတ်ပြီး ခရက်ဒစ်ကတ်ဖြင့်ပေးဆောင်ခြင်း၊ သို့မဟုတ် စမတ်ဖုန်းအက်ပ်ဖြင့် အခွန်ပေးဆောင်ခြင်းများကို ပြုလုပ်နိုင်ပါသည်။

## ■ 出国するときに必要な手続き

＜会社に勤めている人＞

・払ってない税金があるときは、納期限前（税金を払う期限より前）でも**全額払**ってから出国してください。

・会社があなたの給料から税金を引いて払っていたときは、会社をやめると分かった時に税務課課税係（17ページ）に相談してください。

＜会社に勤めていない人＞

・出国により、納付書の受け取りや税金を払うことができない人のために、<u>「納税管理人制度」</u>があります。納税管理人とは、あなたに代わり日本で納税通知書の受け取りや税金を払う人のことです。

・日本から出国するときは、事前に必ず手続きをしてから出国してください。

・詳しくは、税務課 課税係（17ページ）に相談してください。

## ■ နိုင်ငံခြားသို့ထွက်ခွာရန်အတွက်လိုအပ်သောလုပ်ထုံးလုပ်နည်းများ

＜**ကုမ္ပဏီတွင်အလုပ်လုပ်နေသူများအတွက်**＞

- မပေးဆောင်ရသေးသောအခွန်ရှိပါက၊ အခွန်ပေးဆောင်ရမည့်နောက်ဆုံးရက်မတိုင်မီဖြစ်စေ၊ နိုင်ငံခြားသို့မထွက်ခွာမီဖြစ်စေ၊ အခွန်အားလုံးကိုပေးဆောင်ပြီးမှ ထွက်ခွာပါ။
- သင်၏လစာမှ အခွန်ကိုကုမ္ပဏီကဖြတ်၍ ပေးဆောင်နေခဲ့ပါက၊ အလုပ်ထွက်မည်ဖြစ်ကြောင်းသိရှိသောအချိန်တွင် အခွန်ဌာန၏ အခွန်သတ်မှတ်ရေးဌာနတွင်(စာမျက်နှာ ၁၇သို့ )ဆွေးနွေးရန်လိုအပ်ပါသည်။

＜**ကုမ္ပဏီတွင်အလုပ်လုပ်မနေသူများအတွက်**＞

- နိုင်ငံခြားသို့ထွက်ခွာခြင်းကြောင့် အခွန်ပေးဆောင်ခြင်း သို့မဟုတ် အခွန်ပေးဆောင်ရန်စာရင်း (納付書) ကိုလက်ခံရရှိခြင်း မဖြစ်နိုင်သောသူများအတွက် "အခွန်ဆိုင်ရာစီမံခန့်ခွဲသူစနစ်" ရှိပါသည်။ အခွန်ဆိုင်ရာစီမံခန့်ခွဲသူဆိုသည်မှာ သင့်ကိုယ်စား ဂျပန်တွင် အခွန်ပေးဆောင်ရန်အကြောင်းကြားစာ (納税通知書) ကိုလက်ခံခြင်းနှင့် အခွန်ပေးဆောင်ခြင်းများကို ဆောင်ရွက်ပေးမည့်သူဖြစ်သည်။
- ဂျပန်မှထွက်ခွာမည်ဆိုပါက၊ မထွက်ခွာမီ လိုအပ်သောလုပ်ထုံးလုပ်နည်းများကို မဖြစ်မနေ ဆောင်ရွက်ပြီးမှ ထွက်ခွာပါ။
- အသေးစိတ်အချက်အလက်များအတွက် အခွန်ဌာန၏အခွန်သတ်မှတ်ရေးဌာနတွင်(စာမျက်နှာ၁၇သို့) ဆွေးနွေးပါ။

# 3 国民健康保険料（နိုင်ငံသားကျန်းမာရေးအာမခံကြေး）

## ■ 国民健康保険とはなんでしょうか。

・斜里町に住んでいる人は、斜里町で国民健康保険に入ります（社会保険など会社で健康保険に入る人は除きます）。

・住民登録をしていて、在留期間が３か月より長い期間日本にいる人は、社会保険などに入っている人を除いて、赤ちゃんからお年寄りまで全部の人が国民健康保険に入らなければなりません。

・国民健康保険に入ると、一人一枚、**健康保険証**がもらえます。

・病気やけがをしたとき、病院で健康保険証を出すと少ない金額で、病院にかかることができます。

・健康保険証は、**使える期限**があるので、注意してください。

**နိုင်ငံသားကျန်းမာရေးအာမခံဆိုတာဘာလဲ။**

- **ရှားရိမြို့တွင်နေထိုင်သူများသည်ရှားရိမြို့တွင်နိုင်ငံသားကျန်းမာရေးအာမခံဝင်ရပါမယ်။**

**(လူမှုဖူလုံရေးအာမခံကဲ့သို့သော ကုမ္ပဏီမှတဆင့် ကျန်းမာရေးအာမခံဝင်ထားသူများ မပါဝင်ပါ။)**

- **လူမှုဖူလုံရေးအာမခံတွင် စာရင်းသွင်းထားသူများမှလွဲ၍ ကလေးသူငယ်မှ သက်ကြီးရွယ်အိုအထိ ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်စာရင်းသွင်းပြီး ၃လအထက် နေထိုင်မည့်သူအားလုံးသည် အမျိုးသားကျန်းမာရေးအာမခံတွင် စာရင်းပေးသွင်းရမည်ဖြစ်သည်။**
- **နိုင်ငံသားကျန်းမာရေးအာမခံဝင်လျှင် လူတစ်ဦးချင်းစီအတွက် ကျန်းမာရေးအာမခံကတ်တစ်စောင်စီ ရရှိပါမည်။**
- **ဖျားနာမှု၊ ဒဏ်ရာရမှုမျိုးဖြစ်လာပါက ဆေးရုံတွင် ကျန်းမာရေးအာမခံကတ်ကိုပြသပြီး အနည်းငယ်သော ငွေပမာဏကိုသာ ပေးချေကာ ဆေးကုသမှုခံယူနိုင်ပါသည်။**
- **ကျန်းမာရေးအာမခံကတ်တွင် သက်တမ်းရှိသည်ကို သတိပြုပါ။**

## ■ 国民健康保険の保険料について

・国民健康保険に入ると、国民健康保険料を払わなければなりません。

・国民健康保険料は、前の年の1月1日から12月31日までに働いて得た収入で金額が決まります。

**■ နိုင်ငံသားကျန်းမာရေးအာမခံ၏ အာမခံကြေးအကြောင်း**

**・နိုင်ငံသားကျန်းမာရေးအာမခံဝင်ပါက အာမခံကြေးကို ပေးချေရပါမည်။**

**・အာမခံကြေးပမာဏအား ယခင်နှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ဒီဇင်ဘာ ၃၁ ရက်အထိ အလုပ်လုပ်၍ ရရှိသော ဝင်ငွေပမာဏအပေါ် မူတည်ပြီး ဆုံးဖြတ်ပါသည်။**

## ■ 国民健康保険料の申告について

・国民健康保険料を正しく計算するため、学生や働いていない人も所得の申告が必要です（3ページの「町民税・道民税の申告について」を見てください）。ただし、すでに所得税の確定申告や町民税・道民税の申告をした人や、職場が給与支払報告書を税務課 課税係へ提出している人は申告の必要はありません。


**■ နိုင်ငံသားကျန်းမာရေးအာမခံကြေး ကြေညာခြင်းအကြောင်း**

- **နိုင်ငံသားကျန်းမာရေးအာမခံကြေးကို မှန်ကန်စွာတွက်ချက်နိုင်ရန်အတွက် ကျောင်းသားများနှင့် အလုပ်မလုပ်သူများပါ ဝင်ငွေကြေညာခြင်း လိုအပ်ပါသည်။ (စာမျက်နှာ ၃ တွင်ဖော်ပြထားသော “မြို့နယ်အခွန်・တိုင်းဒေသကြီးအခွန် ကြေညာခြင်းအကြောင်း” ကိုကြည့်ပါ။)သို့သော် အခွန်ဝင်ငွေကြေညာပြီးသူများ၊ မြို့နယ်အခွန်နှင့်တိုင်းဒေသကြီးအခွန် ကြေညာပြီးသူများ (သို့မဟုတ်) အလုပ်လုပ်ရာနေရာမှ လစာပေးချေမှုအစီရင်ခံစာကို အခွန်ဌာနခွဲသို့တင်ပြပြီးသူများ ကြေညာရန်မလိုအပ်ပါ။**

## ■ 国民健康保険料の払い方 （နိုင်ငံသားကျန်းမာရေးအာမခံကြေးပေးချေမှုနည်းလမ်း）

国民健康保険料納付通知書（封筒）

**(နိုင်ငံသားကျန်းမာရေးအာမခံကြေးပေးဆောင်ရန်အကြောင်းကြားစာ (စာအိတ်))**




・国民健康保険に入ると、7月に保険料のお知らせ（国民健康保険料納付通知書）が届きます（新しく入った人には、入った次の月に届きます）。届いたらすぐに中身を見てください。

・納期限（税金を払う期限）までに銀行やコンビニエンスストア、郵便局などで払ってください。

- နိုင်ငံသားကျန်းမာရေးအာမခံဝင်ထားပါက ဇူလိုင်လတွင် အာမခံကြေးပေးဆောင်ရန်အကြောင်းကြားစာ (နိုင်ငံသားကျန်းမာရေးအာမခံကြေးပေးဆောင်ရန်အကြောင်းကြားစာ) ကို လက်ခံရရှိပါမည်။ (အသစ်ဝင်သူများသည် ဝင်ပြီးနောက်လတွင် လက်ခံရရှိပါမည်။) လက်ခံရရှိသောအခါ စာအိတ်အတွင်းပါအကြောင်းအရာကို ချက်ချင်းဖတ်ကြည့်ပါ။
- ပေးဆောင်ရမည့်နောက်ဆုံးနေ့မတိုင်မီ ဘဏ်၊ ကွန်ဗီနီစတိုးဆိုင်များ၊ စာတိုက်တို့တွင် ပေးဆောင်ပါ။


封筒の中に入っている納付書（支払用）

**(စာအိတ်အတွင်းပါဝင်သော ပေးဆောင်ရန်အတွက် အကြောင်းကြားစာ)**

第１期 **(အကြိမ် ၁)**

払う期限

**(ပေးဆောင်ရမည့်နောက်ဆုံးနေ့)**




・払う額

・**(ပေးဆောင်ရမည့်ငွေပမာဏ)**

・納付書は「第１期」から「第９期」までの９枚入っています。

・「第1期」〜「第9期」の納付書は1年分の国民健康保険料を9回に分けて払うためのものです。

・16ページの町税カレンダーを見て、必ず納期限（税金を払う期限）までに払ってください。

・バーコードを読み込むことで、スマートフォンアプリでの納付ができます。

- ပေးဆောင်ရန်အတွက် အကြောင်းကြားစာတွင် “အကြိမ် ၁” မှ “အကြိမ် ၉” အထိ စုစုပေါင်း ၉ စောင် ပါဝင်ပါသည်။
- “အကြိမ် ၁” မှ “အကြိမ် ၉” အထိရှိသော ပေးဆောင်စာများသည် တစ်နှစ်တာ နိုင်ငံသားကျန်းမာရေးအာမခံကြေးကို ၉ ကြိမ်ခွဲ၍ ပေးဆောင်ရန်အတွက် ဖြစ်ပါသည်။
- စာမျက်နှာ ၁၆ တွင်ဖော်ပြထားသော မြို့နယ်အခွန် ပြက္ခဒိန်ကို ကြည့်ပြီး၊ ပေးဆောင်ရမည့်နောက်ဆုံးနေ့မတိုင်မီ ပေးဆောင်ရန် မမေ့ပါနှင့်။
- ဘားကုဒ်ကို ဖတ်ခြင်းဖြင့် စမတ်ဖုန်းအက်ပ်မှတစ်ဆင့်လည်း ပေးဆောင်နိုင်ပါသည်။

# 4　軽自動車税（အပေါ့ယာဉ်အခွန်）

## ■　軽自動車税とはなんでしょうか。

・4月1日現在にバイクや軽自動車（排気量660 cc以下）などを持っている人が払う税金です。

・4月2日より後に廃車・名義変更をしたときでも、1年分の軽自動車税の全額を払う必要があります。

・軽自動車税の税額は、車の種類によって違います。詳しくは、税務課 課税係（17ページ）に連絡してください。

■　အပေါ့ယာဉ်အခွန်ဆိုတာဘာလဲ။

- ဧပြီလ ၁ ရက်နေ့အထိ မော်တော်ဆိုင်ကယ် သို့မဟုတ် အပေါ့ယာဉ် (အင်ဂျင်ပါဝါ ၆၆၀ စီစီအောက်) ကိုပိုင်ဆိုင်ထားသူများ ပေးဆောင်ရမည့်အခွန်ဖြစ်သည်။
- ဧပြီလ ၂ ရက်နေ့နောက်ပိုင်းတွင် ယာဉ်ဖျက်သိမ်းခြင်း သို့မဟုတ် ပိုင်ရှင်အမည်ပြောင်းခြင်း ပြုလုပ်ခဲ့သည်ဆိုပါက တစ်နှစ်တာ အပေါ့ယာဉ်အခွန်ကို အပြည့်အဝပေးဆောင်ရမည်ဖြစ်သည်။
- အပေါ့ယာဉ်အခွန်၏ အခွန်ပမာဏသည် ယာဉ်အမျိုးအစားအလိုက် ကွဲပြားသည်။ အသေးစိတ်အချက်အလက်များအတွက် အခွန်ရေးရာဌာန အခွန်ချပေးမှုဆိုင်ရာတာဝန်ခံကို (စာမျက်နှာ ၁၇ သို့) ဆက်သွယ်ပါ။

## ■　軽自動車税の申告について

・軽自動車を廃車するとき、人にあげるとき、売るとき、転出するとき、盗まれたときには、次のページのとおり必ず申告してください。

・申告をしないと、いつまでも軽自動車税がかかります。

**လွယ်ကူစွာ မော်တော်ယာဉ်အခွန်ဆိုင်ရာ ကြေညာခြင်း**

- မော်တော်ယာဉ်ကို ဖျက်သိမ်းမည်၊ တစ်စုံတစ်ဦးအားပေးအပ်မည်၊ ရောင်းချမည်၊ နေရာပြောင်းမည်၊ ခိုးယူခံရသည်ဆိုပါက အောက်ဖော်ပြပါဇယားအတိုင်း မဖြစ်မနေ ကြေညာချက်ပြုလုပ်ရန်လိုအပ်ပါသည်။
- ကြေညာချက် မပြုလုပ်ပါက မော်တော်ယာဉ်အခွန် ကို ဆက်လက်ပေးဆောင်ရမည်ဖြစ်ပါသည်။

| 車の種類　(မော်တော်ယာဉ်အမျိုးအစား) | 申告する場所　(ကြေညာတင်သွင်းရန်နေရာ) |
|---|---|
| 原動機付自転車（125 cc以下）<br>(**အင်ဂျင်ပါသောစက်ဘီး (၁၂၅ စီစီအောက်)**)<br>小型特殊自動車（トラクターなど）<br>(**အသေးစားအထူးသုံးမော်တော်ယာဉ်များ (ဥပမာ - ထရက်တာ)**)<br>特定小型原動機付自転車（電動キックボードなど）<br>(**သတ်မှတ်ထားသောအသေးစားအင်ဂျင်ပါသောစက်ဘီးများ (ဥပမာ - လျှပ်စစ်ကစ်ဘုတ်)**) | 斜里町役場 税務課 課税係（1階6番窓口）<br>(ရှားရီမြို့နယ်ရုံး၊အခွန်ရေးရာဌာန၊ အခွန်သတ်မှတ်ရေးရာအဖွဲ့ (ပထမထပ်၊ ကောင်တာအမှတ် ၆))<br>斜里郡斜里町本町12番地<br>(ရှားရီခရိုင်၊ ရှားရီမြို့နယ်၊ ဟုန်မချိ၊ အမှတ် ၁၂)<br>☎0152-26-8215 |
| 軽自動車（軽四輪・軽三輪）<br>အပေါ့ယာဉ် (လေးဘီးအပေါ့ယာဉ် ၊ သုံးဘီးအပေါ့ယာဉ်) | 軽自動車検査協会　北見事務所<br>(အပေါ့ယာဉ်စစ်ဆေးရေးအသင်း၊ ကီတာမီရုံးခွဲ)<br>北見市 東 三輪3丁目25番の 17<br>(ကီတာမီမြို့ ဟီဂါရှိမီဝါ၊ တတိယရပ်ကွက်၊ အမှတ် ၂၅−၁၇)<br>☎050-3816-1769 |
| 二輪の軽自動車<br>(နှစ်ဘီးအပေါ့ယာဉ်)<br>二輪の小型自動車<br>(နှစ်ဘီးမော်တော်ယာဉ်ငယ်) | 北見地区自家用自動車協会<br>(ကီတာမီဒေသ၊ ကိုယ်ပိုင်အသုံးပြုမော်တော်ယာဉ်အသင်း)<br>北見市 東 三輪3 丁目 25番地6<br>(ကီတာမီမြို့ ဟီဂါရှိမီဝါ၊ တတိယရပ်ကွက်၊ အမှတ် ၂၅−၆)<br>☎0157-24-6271 |

■　自動車税とはなんでしょうか。

・排気量660 ccを超える自動車には自動車税がかかります。
・自動車税については、オホーツク総合振興局 税務課（☎0152-41-0615）に聞いてください。

■　မော်တော်ယာဉ်အခွန်ဆိုတာဘာလဲ။

အင်ဂျင်ပါဝါ ၆၆၀ စီစီကျော်သော မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်အခွန်ပေးဆောင်ရပါမည်။
မော်တော်ယာဉ်အခွန်နှင့်ပတ်သက်၍ မေးမြန်းလိုပါက အိုဟိုးဆစ်ခု စုပေါင်းဖွံ့ဖြိုးရေးရုံး၊ အခွန်ရေးရာဌာန (ဖုန်း 0152-41-0615) သို့ ဆက်သွယ်ပါ။ ・

## ■ 軽自動車税の払い方 （အပေါ့်ယာဉ်အခွန်ပေးဆောင်နည်း ）

**軽自動車税納税通知書（封筒）**

（အပေါ့်ယာဉ်အခွန်ပေးဆောင်ရန်အကြောင်းကြားစာ (စာအိတ်)）




・軽自動車税の納税通知書は、毎年5月の初めに届きます。届いたらすぐに中身を見てください。

အပေါ့်ယာဉ်အခွန်ပေးဆောင်ရန်အကြောင်းကြားစာသည်
နှစ်စဉ်မေလအစတွင် ရောက်ရှိလာပါမည်။
ရောက်လာသည်နှင့် စာအိတ်အတွင်းပါအကြောင်းအရာကို
ချက်ချင်းဖတ်ကြည့်ပါ။

**封筒の中に入っている納付書（支払用）・納税証明書（車検用）**

（စာအိတ်အတွင်းတွင် ပါဝင်သော အခွန်ပေးဆောင်ရန်ဘောင်ချာ (ပေးဆောင်ရာတွင် အသုံးပြုပါ။)၊
အခွန်ပေးဆောင်ပြီးကြောင်းအထောက်အထားစာရွက် (ယာဉ်စစ်ဆေးရာတွင် အသုံးပြုပါ။)）

払う期限（ပေးဆောင်ရမည့်နောက်ဆုံးရက်）




eL-QR（အီလက်ထရွန်နစ်အခွန်ပေးဆောင်ရန် QR ကုဒ်စနစ်）

払う額（ပေးဆောင်ရမည့်ပမာဏ）

納税証明書（အခွန်ပေးဆောင်ပြီးကြောင်းအထောက်အထားစာရွက်）

・納付書を銀行やコンビニエンスストア、郵便局などに持っていき、納期限（税金を払う期限）までに必ず払ってください。

・二輪の小型自動車（排気量250ｃｃを超えるバイク）には、車検があります。車検を受けるときには、納税証明書が必要です。納税証明書は、納付書に付いていて、税金を払うと、スタンプを押してもらえます。それを車検のときに持っていってください。

・အခွန်ပေးဆောင်ရန်ဘောင်ချာကို ဘဏ်၊ ကွန်ဗီနီဆိုင်၊ စာတိုက်စသည်တို့ကို ယူဆောင်သွားပြီး အခွန်ပေးဆောင်ရမည့်နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ပါ။

・အင်ဂျင်အရွယ်အစား ၂၅၀စီစီကျော်သော နှစ်ဘီးအမျိုးအစားမော်တော်ယာဉ်ငယ်များတွင် ယာဉ်စစ်ရှိပါသည်။ ယာဉ်စစ်ဆေးမှုခံယူသည့်အခါ၌ အခွန်ပေးဆောင်ထားကြောင်းအထောက်အထားစာရွက်ပြရန်လိုအပ်ပါသည်။ အဆိုပါအထောက်အထားစာရွက်သည် အခွန်ပေးဆောင်ရန်ဘောင်ချာနှင့်တွဲဖက်လာပြီး အခွန်ပေးဆောင်ပြီးပါက တံဆိပ်ခတ်ပေးပါသည်။ ယာဉ်စစ်ဆေးမှုခံယူသည့်အခါ၌ ထိုစာရွက်ကို ယူဆောင်သွားပါ။

# 固定資産税 （အတည်တကျပိုင်ဆိုင်မှုအခွန်）

■ **固定資産税とはなんでしょうか。**

・1月1日に斜里町にある土地や建物（固定資産）を持っている人が払う税金です。

・持っている固定資産の価格をもとに税額が決まります。詳しくは、税務課 課税係（17ページ）に連絡してください。

■ အတည်တကျပိုင်ဆိုင်မှုအခွန်ဆိုတာဘာလဲ။

・ဇန်နဝါရီလ ၁ ရက်နေ့တွင် ရှားရိမြို့၌ တည်ရှိသော မြေကွက်နှင့် အဆောက်အအုံ (အတည်တကျပိုင်ဆိုင်မှု) ကို ပိုင်ဆိုင်ထားသူက ပေးဆောင်ရမည့် အခွန်ဖြစ်သည်။

・ပိုင်ဆိုင်ထားသော အတည်တကျပိုင်ဆိုင်မှု၏ ဈေးနှုန်းအပေါ် မူတည်၍ အခွန်ပမာဏကို ဆုံးဖြတ်ပါသည်။ အသေးစိတ်သိလိုပါက အခွန်ရေးရာဌာန၊ အခွန်သတ်မှတ်ရေးရာဌာန (စာမျက်နှာ ၁၇) သို့ ဆက်သွယ်ပါ။

# 6 税金は納期限までに払うことが決まりです

(အခွန်ကို သတ်မှတ်ထားသော နောက်ဆုံးရက်မတိုင်မီ ပေးဆောင်ရမည်ဟု စည်းမျဉ်းသတ်မှတ်ထားပါသည်။)

■ **税金を払ってください**

・税金は納期限（納付書に書いてある税金を払う日）までに払わなければいけません。

・税金は種類によって納期限が違います。
詳しくは、16ページの町税カレンダーを見てください。

■ အခွန်ကို ပေးဆောင်ပါ။

・အခွန်ကို အခွန်ပေးဆောင်ရန်ဘောင်ချာတွင် ဖော်ပြထားသော နောက်ဆုံးရက်မတိုင်မီ မဖြစ်မနေ ပေးဆောင်ရပါမည်။

・အခွန်အမျိုးအစားအလိုက် ပေးဆောင်ရမည့် နောက်ဆုံးရက်ကွာခြားနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို စာမျက်နှာ ၁၆ တွင်ပါဝင်သော မြို့အခွန် ပြက္ခဒိန်ကို ကြည့်ပါ။

■ 税金を払う方法

＜納付書を使って払うとき＞

・届いた納付書を持って、コンビニエンスストア、郵便局、銀行、農協、漁協、斜里町役場会計課、ウトロ支所などの窓口で払ってください。

＜口座振替で払うとき＞

・銀行口座を持っている人は、「口座振替」（税金を払う日に登録した銀行口座から自動的に税金を払うようにすること）で払うことができます。納付書で払わないので、とても便利です。手続きは、銀行や郵便局などの窓口でできます。

＜クレジットカードで払うとき＞

・『地方税お支払サイト』で手続きをすると、VISA、Master Card、ＪＣＢ、American Express、Diners Clubのクレジットカードを使っていつでも税金を払うことができます。手数料がかかります。

・金融機関、町役場、コンビニなどの窓口では、クレジットカードを使って払うことができません。

＜スマートフォンアプリで払うとき＞

・納付書に書いてあるバーコードやＱＲをスマートフォンのカメラで読んで払うことができます。

・PayPay、aupay、ｄ払い、Ｊ-coin、支払秘書などが使えます。

・スマートフォンアプリを使って払うと、領収証書は発行できません。

**အခွန်ပေးဆောင်ရန်နည်းလမ်း**

**＜အခွန်တောင်းခံလွှာစာရွက်ဖြင့်ပေးချေသောအခါ＞**

လက်ခံရရှိသောအခွန်တောင်းခံလွှာစာရွက်ကိုယူပြီး၊ ကွန်ဗီနီဆိုင်၊ စာတိုက်၊ ဘဏ်၊ စိုက်ပျိုးရေးအသင်း၊ ငါးဖမ်းအသင်း၊ ရှားရီ မြို့နယ်ရုံး၊ငွေစာရင်းဌာန၊ အူတိုရို ရုံးခွဲ စသည့်နေရာများတွင် ပေးချေပါ။

**＜ဘဏ်အကောင့်မှငွေလွှဲခြင်းဖြင့်ပေးချေသောအခါ ＞**

ဘဏ်အကောင့်ရှိသူများသည် “အကောင့်မှငွေလွှဲခြင်း” (အခွန်ပေးချေရမည့်နေ့တွင် မှတ်ပုံတင်ထားသောဘဏ်အကောင့်မှ အလိုအလျောက်အခွန်ပေးချေသည့်စနစ်) ဖြင့်ပေးချေနိုင်ပါသည်။

အခွန်တောင်းခံလွှာစာရွက်ဖြင့်ပေးချေရန်မလိုအပ်သဖြင့် အလွန်အဆင်ပြေပါသည်။

လုပ်ငန်းစဉ်ကို ဘဏ်၊ စာတိုက် စသည့်နေရာများတွင် ဆောင်ရွက်နိုင်ပါသည်။

**＜စမတ်ဖုန်းအက်ပ်ဖြင့်ပေးချေသောအခါ＞**

အခွန်တောင်းခံလွှာစာရွက်ပေါ် ရှိ ဘားကုဒ် သို့မဟုတ် QR ကုဒ်ကို စမတ်ဖုန်းကင်မရာဖြင့်ဖတ်ပြီး ပေးချေနိုင်ပါသည်။

PayPay၊ au PAY၊（ငွေပေးချေမှု）d 払い၊ J-Coin၊ ၊（ငွေပေးချေမှုအက်ပ်）支払秘書 စသည့်အက်ပ်များကို အသုံးပြုနိုင်ပါသည်။

စမတ်ဖုန်းအက်ပ်ဖြင့်ပေးချေသောအခါတွင် ငွေလက်ခံလက်မှတ်ကို ထုတ်ပေး၍မရပါ။ ・

## ■ 納付書を失くしたとき

・税金を払うために必要な納付書を失くしたときは、納付書を作り直します。
税務課 収納係（17ページ）に連絡してください。

> ■ အခွန်တောင်းခံလွှာစာရွက် ပျောက်ဆုံးသွားသောအခါ
> အခွန်ပေးသွင်းရန်လိုအပ်သော အခွန်တောင်းခံလွှာစာရွက်ကိုဆုံးရှုံးသွားပါက ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
> အခွန်ရေးရာဌာန၊ ငွေသွင်းရေးရာတာဝန်ခံ (စာမျက်နှာ ၁၇) သို့ ဆက်သွယ်ပါ။

## ■ 税金を期限までに払わなかったとき

・税金を期限までに払わないことを「**滞納**」といいます。
・滞納すると、斜里町役場から**督促状**（「税金をすぐに払ってください」とお知らせする手紙）が届きます。
・滞納すると、税金のほかに**延滞金**がかかることがあります。
・税務課 収納係に連絡をしないで、税金を納期限（税金を払う期限）までに払わないと、あなたの財産（給料・預貯金など）を差し押えます。

> ■ **အခွန်ကို သတ်မှတ်ထားသော အချိန်အတွင်း မပေးသွင်းနိုင်ခဲ့သောအခါ**
> အခွန်ကို သတ်မှတ်ထားသော ရက်စွဲအတွင်း မပေးသွင်းခြင်းကို "အခွန်ပေးသွင်းခြင်းနှောင့်နှေးမှု" ဟု ခေါ်သည်။
> အခွန်ပေးရာတွင်သွင်းနှောင့်နှေးမှုဖြစ်ပါက၊ရှားရိမြို့နယ်ရုံးမှအခွန်ပေးသွင်းရန်တိုက်တွန်းစာ(အခွန်ကို ချက်ချင်းပေးသွင်းရန် အသိပေးစာ) ကို ပေးပို့မည်ဖြစ်ပါသည်။
> အခွန်ပေးသွင်းခြင်းနှောင့်နှေးမှုဖြစ်ပါက အခွန်အပြင် အချိန်လွန်အခွန် (နှောင့်နှေးမှုကြေး) ကိုလည်း ပေးသွင်းရနိုင်ပါသည်။
> အခွန်ရေးရာဌာန၊ ငွေသွင်းရေးရာတာဝန်ခံနှင့် ဆက်သွယ်ခြင်းမပြုဘဲ သတ်မှတ်ထားသော ရက်စွဲအတွင်း အခွန်ကို မပေးသွင်းပါက သင်၏ပိုင်ဆိုင်မှုများ (လစာ၊ စုငွေများ စသည်) ကို သိမ်းဆည်းမည်ဖြစ်ပါသည်။

## ■ 税金を納期限までに払うことができないとき

・どうしても税金を納期限までに払うことができないときは、必ず税務課 収納係に連絡してください。

> ■ **အခွန်ကို သတ်မှတ်ထားသော ရက်စွဲအတွင်း မပေးသွင်းနိုင်သောအခါ**
> သတ်မှတ်ရက်မတိုင်မီ သင်၏အခွန်များကို ပေးဆောင်ရန် အဆင်မပြေပါက အခွန်ဦးစီးဌာနသို့ မဖြစ်မနေ ဆက်သွယ်ပါ။

| 相談窓口（ဆွေးနွေးရန် စာရင်းသွင်းရာနေရာ / ဆက်သွယ်ရန်ဌာန） |
|---|
| 斜里町役場 税務課 収納係 （1階 6番窓口）<br>斜里郡斜里町本町12番地 ☎ 0152-26-8216 （窓口は平日の 9:00～17:00 まで開いています。）<br>（ရှားရိမြို့နယ်ရုံး၊ အခွန်ရေးရာဌာန၊ ငွေသွင်းရေးရာတာဝန်ခံ） (ပထမထပ်၊ ကောင်တာအမှတ် ၆)<br>（ရှားရိခရိုင်၊ ရှားရိမြို့ ဟုန်မချီ၊ အမှတ် ၁၂） ☎ 0152-26-8216<br>(ကောင်တာဝန်ဆောင်မှုများကို တနင်္လာမှသောကြာနေ့အတွင်း မနက် ၉:၀၀ မှ ညနေ ၅:၀၀ အထိ ဖွင့်လှစ်ထားပါသည်။) |

# 7　町税の証明書について
# （မြို့အခွန်အထောက်အထားစာရွက်အကြောင်း）

## ■　**課税証明書・納税証明書**

・課税証明書や納税証明書は、1年間に払う税金やすでに払った税金の額を証明するもので、在留資格の更新のときに出入国在留管理庁に提出します。

・町税の証明書をもらうためには、**町民税・道民税の申告が必要**です。前の年に収入がない人でも、必ず申告してください。

■　အခွန်သတ်မှတ်မှုအထောက်အထားစာရွက်နှင့် အခွန်ပေးဆောင်မှုအထောက်အထားစာရွက်

・အခွန်သတ်မှတ်မှုအထောက်အထားစာရွက်နှင့် အခွန်ပေးဆောင်မှုအထောက်အထားစာရွက်သည် တစ်နှစ်အတွင်း ပေးဆောင်ရမည့်အခွန်ပမာဏ သို့မဟုတ် ပေးဆောင်ပြီးသားအခွန်ပမာဏကို အထောက်အထားပြသသောစာရွက်များဖြစ်ပြီး၊ နိုင်ငံခြားသားနေထိုင်ခွင့်သက်တမ်းတိုးချိန်၌ လူဝင်မှုကြီးကြပ်ရေးဌာနသို့ တင်ပြရပါသည်။

・မြို့အခွန်အထောက်အထားစာရွက်ရယူရန်အတွက် မြို့နယ်အခွန်နှင့် တိုင်းဒေသကြီးအခွန်အတွက် ကြေညာချက်တင်သွင်းရန် လိုအပ်ပါသည်။ ယခင်နှစ်တွင် ဝင်ငွေမရှိသူများသည်ပင် မဖြစ်မနေ ကြေညာချက်တင်သွင်းရပါမည်။

＜証明書を発行しているところ＞

斜里町の町税の証明書は、下に書いてある窓口で発行しています。

- 町役場1階6番税務課窓口（時間は平日の9：00～17：00です。）
- ウトロ支所窓口（時間は平日の9：00～17：00です。）

マイナンバーカードを使って、コンビニエンスストアで「所得課税証明書」をとることができます。

- 利用できる場所は、セブンイレブン、ローソン、セイコーマートなどです。
- 証明書は、本人のもので最新年度分のみです。
- 「児童手当用証明書」は、コンビニでは取れません。
- 申告がない人など、コンビニエンスストアで税証明書を取れない場合があります。
- 証明書を誤って取った場合は、返金できません。

（注意）

所得課税証明書を発行しているのは、その年の1月1日に住所があった市町村です。

今、斜里町に住んでいても、1月1日に別の市区町村に住んでいたら、斜里町では証明書の発行はできません。

＜အထောက်အထားစာရွက်ထုတ်ပေးသောနေရာ＞

ရှားရီမြို့၏ မြို့အခွန်အထောက်အထားစာရွက်ကို အောက်ဖော်ပြပါနေရာများတွင် ထုတ်ပေးပါသည်။

- မြို့နယ်ရုံးအဆောက်အအုံ၏ ပထမထပ်၊ ကောင်တာအမှတ် ၆၊အခွန်ရေးရာဌာန၊စာရင်းပေးသွင်းရာနေရာ (အချိန်မှာ တနင်္လာမှ သောကြာ အတွင်း မနက် ၉:၀၀ မှ ညနေ ၅:၀၀ အထိဖြစ်သည်။)
- အူတိုရို ရုံးခွဲ စာရင်းပေးသွင်းရာနေရာ (အချိန်မှာ တနင်္လာမှ သောကြာအတွင်း မနက် ၉:၀၀ မှ ညနေ ၅:၀၀ အထိဖြစ်သည်။)

မိုင်နံပါတ်ကတ်ကို အသုံးပြုပြီး ကွန်ဗီနီဆိုင်တွင် "ဝင်ငွေအခွန်သတ်မှတ်မှုအထောက်အထားစာရွက်" ကို ရယူနိုင်ပါသည်။

- အသုံးပြုနိုင်သောနေရာများမှာ Seven Eleven၊ Lawson၊ Seicomart စသဖြင့်ဖြစ်သည်။
- အထောက်အထားစာရွက်သည် မိမိကိုယ်တိုင်အတွက်သာဖြစ်ပြီး နောက်ဆုံးနှစ်အတွက်သာ ရယူနိုင်ပါသည်။
- "ကလေးထောက်ပံ့ငွေအတွက်အထောက်အထားစာရွက်" ကို ကွန်ဗီနီဆိုင်တွင် ရယူ၍မရပါ။
- ကြေညာချက်မရှိသူများအပါအဝင်၊ ကွန်ဗီနီဆိုင်တွင် အခွန်အထောက်အထားစာရွက်ကို ရယူ၍မရနိုင်သောအခြေအနေများရှိနိုင်ပါသည်။
- အထောက်အထားစာရွက်ကို မှားယွင်း၍ ရယူခဲ့ပါက ငွေပြန်အမ်း၍မရပါ။

**(သတိပြုရန်)**

ဝင်ငွေအခွန်သတ်မှတ်မှုအထောက်အထားစာရွက်ကို ထုတ်ပေးနိုင်သောနေရာမှာ၊ ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် နေထိုင်ခဲ့သည့်လိပ်စာရှိသော မြို့နယ်ဖြစ်ပါသည်။ ယခု ရှားရီမြို့တွင် နေထိုင်နေသူဖြစ်သော်လည်း ဇန်နဝါရီလ ၁ ရက်နေ့တွင် အခြားမြို့နယ်တွင် နေထိုင်ခဲ့ပါက ရှားရီမြို့တွင် အထောက်အထားစာရွက်ကို ထုတ်ပေး၍မရပါ။

＜証明書を取るときに必要なもの＞

自分の証明書が欲しいときは下に書いてある２つのものを持ってきてください。

【窓口】

①本人確認書類（在留カードやパスポート）

②現金500円（1通）

【コンビニエンスストア】

①マイナンバーカード

②現金200円（1通）

<အထောက်အထားစာရွက် ရယူရန် လိုအပ်သောအရာများ>

ကိုယ်ပိုင်အထောက်အထားစာရွက် ရယူလိုပါက အောက်ဖော်ပြပါ အရာနှစ်ခုကို ယူဆောင်လာပါ။

【ငွေစာရင်းကောင်တာ】

① မိမိကိုယ်တိုင်ဖြစ်ကြောင်းအတည်ပြုစာရွက် (နေထိုင်ခွင့်ကတ် သို့မဟုတ် ပတ်စပို့)

② ငွေသား ယန်း ၅၀၀ (စာရွက်တစ်စောင်ဖိုး)

【ကွန်ဗီနီဆိုင်】

① မိုင်နံပါတ်ကတ်

② ငွေသား ယန်း ၂၀၀ (စာရွက်တစ်စောင်ဖိုး)

# ８　町税カレンダー（မြို့အခွန် ပြက္ခဒိန်）

※　納期限（税金を払う期限）はそれぞれの月の最後の日です。

※　အခွန်ပေးဆောင်ရမည့် နောက်ဆုံးရက်သည် လတိုင်း၏ နောက်ဆုံးနေ့ဖြစ်ပါသည်။

| 月（လ） | 町民税・道民税（မြို့သားအခွန်၊ တိုင်းသားအခွန်） | 国民健康保険料（အမျိုးသားကျန်းမာရေးအာမခံကြေး） | 軽自動車税（ပေါ့ပါးမော်တော်ယာဉ်အခွန်） | 固定資産税（အတည်ပြုပိုင်ဆိုင်မှုအခွန်） |
|---|---|---|---|---|
| ４月（ဧပြီ） | | | | |
| ５月（မေ） | | | 全期分（အားလုံးအပိုင်း） | 第１期（ပထမပိုင်း） |
| ６月（ဇွန်） | 第１期（ပထမပိုင်း） | | | |
| ７月（ဇူလိုင်） | | 第１期（ပထမပိုင်း） | | |
| ８月（ဩဂုတ်） | | 第２期（ဒုတိယပိုင်း） | | 第２期（ဒုတိယပိုင်း） |
| ９月（စက်တင်ဘာ） | 第２期（ဒုတိယပိုင်း） | 第３期（တတိယပိုင်း） | | |
| １０月（အောက်တိုဘာ） | | 第４期（စတုတ္ထပိုင်း） | | |
| １１月（နိုဝင်ဘာ） | | 第５期（ပဉ္စမပိုင်း） | | 第３期（တတိယပိုင်း） |
| １２月（ဒီဇင်ဘာ） | 第３期（တတိယပိုင်း） | 第６期（ဆဋ္ဌမပိုင်း） | | |
| １月（ဇန်နဝါရီ） | | 第７期（သတ္တမပိုင်း） | | |
| ２月（ဖေဖော်ဝါရီ） | | 第８期（အဋ္ဌမပိုင်း） | | |
| ３月（မတ်） | | 第９期（နဝမပိုင်း） | | |

# 9 税についての問い合わせ先 （အခွန်ဆိုင်ရာမေးမြန်းရန်）

| 内容（အကြောင်းအရာ） | 問い合わせ先（(မေးမြန်းရန်ဆက်သွယ်ရန်နေရာ） | | 電話（ဖုန်းနံပါတ်） |
|---|---|---|---|
| 町民税・道民税について **（မြို့နယ်အခွန်နှင့် တိုင်းဒေသကြီးအခွန်အကြောင်း）** | 斜里町役場 **（ရှားရီမြို့နယ်အုပ်ချုပ်ရေးရုံး）** | 税務課 課税係 （အခွန်ရေးရာဌာန အခွန်ချပေးမှုဆိုင်ရာတာဝန်ခံ ） | 0152-26-8215 |
| 国民健康保険料について **（နိုင်ငံသားကျန်းမာရေးအာမခံကြေးအကြောင်း）** | | | |
| 軽自動車税について **（အပေါ့ယာဥ်အခွန်အကြောင်း）** | | | |
| 固定資産税について **（အတည်တကျပိုင်ဆိုင်မှုအခွန်အကြောင်း）** | | | |
| 町税の証明書について **（မြို့နယ်အခွန်အတည်ပြုလက်မှတ်အကြောင်း）** | | | |
| 納税について **（အခွန်ပေးဆောင်ခြင်းအကြောင်း）** | | 税務課 収納係 （အခွန်ရေးရာဌာန ငွေသွင်းမှုတာဝန်ခံ） | 0152-26-8216 |
| 道税（自動車税など）について **တိုင်းဒေသကြီးအခွန် (မော်တော်ယာဥ်အခွန် စသည်) အကြောင်း** | オホーツク 総合振興局 （အိုဟိုးဆစ်ခု တိုင်းဒေသကြီး စုပေါင်းဖွံ့ဖြိုးရေးဌာန） | 税務課 （အခွန်ရေးရာဌာန） | 0152-41-0615 |
| 国税（所得税など）について **နိုင်ငံအခွန် (ဝင်ငွေအခွန် စသည်) အကြောင်း** | 税務署 （အခွန်ရေးရာရုံး） | 網走税務署 （အာဘာရှိရိအခွန်ရုံး） | 0152-43-2181 |

（注意） 上記の問い合わせ先は日本語による対応のみとなっております。

(သတိပြုရန်) အထက်ဖော်ပြပါ ဆက်သွယ်ရန်နေရာများတွင် ဂျပန်ဘာသာဖြင့်သာ ဖြေကြားပေးမည်ဖြစ်ပါသည်။

# １０　出国するときの税金の支払いについて
## （နိုင်ငံခြားသို့ထွက်ခွာချိန်အခွန်ပေးချေမှုအကြောင်း）

### ■　税金を払ってください

・払ってない税金があるときは、納期限前（税金を払う期限より前）でも**全額払**ってから出国してください。

・出国後に斜里町から新たに税金が掛かる場合がありますので、「**納税管理人制度**」の手続きをしてから出国してください。納税管理人とは、あなたに代わり日本で納税通知書の受け取りや税金を払う人のことです。

・出国する年の1月1日に斜里町に住んでいた方は、前年の所得に応じて6月に個人住民税がかかります。納税管理人をお願いすることが出来ない場合は、出国前に予納金納付の手続きを行う必要があります。

税額は、後日、町から納付書をお送りするので、出国までの間に納めてください。

予納金というのは、6月の通知が届く前に計算した税を支払う制度です。

・詳しくは、税務課 課税係（17ページ）に相談してください。

■　အခွန်ပေးချေပါ။

- မပေးချေရသေးသောအခွန်ရှိရင် အခွန်ပေးချေရမည့်နောက်ဆုံးနေ့မတိုင်မီ အပြည့်အဝပေးချေပြီးမှ နိုင်ငံခြားသို့ထွက်ခွာပါ။
- နိုင်ငံခြားသို့ထွက်ခွာပြီးနောက် ရှားရီမြို့တွင် အခွန်အသစ်တင်နိုင်တဲ့အခြေအနေရှိနိုင်သောကြောင့် “အခွန်စီမံသူစနစ်” ကို စတင်ဆောင်ရွက်ပြီးမှ ထွက်ခွာပါ။
- အခွန်စီမံသူဆိုတာ သင့်အစား ဂျပန်မှာ အခွန်ပေးချေမှုဆိုင်ရာစာရင်းများကို လက်ခံပြီး အခွန်ပေးချေမယ့်သူဖြစ်ပါတယ်။

memo